**ခေါင်းရိတ်ပြီးနောက်။** ။တချို့ မိဘများသည် ရှင်လောင်းကိုကျောင်းပို့သောအခါ ကလေးကို ပန်းနံ့သာတို့ဖြင့် လိမ်းကျံပြင်ဆင်ကာ ပို့တတ်ကြ၏၊ ထိုအခါ ကလေး၏ကိုယ်၌ လူတို့၏ အမွေးအကြိုင် အနံ့တွေ ရှိနေရကား ဦးခေါင်းရိတ်ပြီးသောအခါ ထို အနံ့တွေ ပျောက်ကင်းအောင် ဦးခေါင်းနှင့်တကွ ကိုယ်ကို နန္ဒင်းမှုန့်ဖြင့် ဖြစ်စေ နံ့သာမှုန့်ဖြင့် ဖြစ်စေ ပွတ်တိုက်ပေးရမည်-ဟု မဟာပါ အဋ္ဌကထာ (ပဗ္ဗဇ္ဇကထာ) ၌ ဆိုထားပါသည်၊ [နံ့သာမှုန့်ဟူရာ၌ကား သနပ်ခါးမှုန့် ပေါင်ဒါမှုန့်မျိုးစသော လူသုံးအမှုန့်မျိုး မဟုတ်တန်ရာ၊ ယခုခေတ်အတိုင်းဆိုသော် ဆပ်ပြာမွှေးဖြင့် ပွတ်တိုက်၍ ရေချိုးပေးလိုက်လျှင် လူနံ့ပျောက်သွားဘွယ်ရှိ၏၊ ဤအချိန်မှာ နံ့သာမှုန့်စသည်ကို ပွတ်တိုက်ပေးသော်လည်း ကိုရင် မဝတ်ရသေး၍ မာလာဂန္ဓ သိက္ခာပုဒ်အရ အပြစ်မရှိသေးပါ။]

**နိဂုံး။** ။ဤမျှသော စကားအစဉ်ဖြင့် ဆံချခြင်းနှင့်ဆိုင်ရာ အစီအစဉ်များ ပြီးပါပြီ၊ ကလေး၏ မိဘများသည် သာသနာတော်၏ ထုံးစံအတိုင်း ကမ္မဋ္ဌာန်းရွတ်ဆိုလျက် ဆံချ (ခေါင်းရိတ်) ခံနေသော ကလေး၏ မြင့်မြတ်သော အခြေအနေကို မရ,ရအောင် ကြိုးစားကြပါလေ၊ သားကလေး အတွက် ဤ ကုသိုလ်ကား နောက် သာသနာတော်ဝယ် ရဟန္တာဖြစ်ဘို့အကြောင်း အလွန်ကောင်းသော အထုံဖြစ်ပါသည်၊ မိမိတို့ကိုယ်တိုင်လည်း ဤ အချက်ကို အလွန်နှစ်သက်ကြည်နူးပါမူ ဤ အထုံသည် မဏ္ဍပ်ကြီးထိုး၍ အလှူပေးရခြင်းမျိုးထက် သာလွန်သော ကုသိုလ် ဖြစ် ကြောင်း ကို ကောင်းကောင်းကြီး ယုံကြည်ကြပါလေ။